# ခရီးသွားလာခွင့် ပိတ်ပင်ခံရသော နိုင်ငံများမှ ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်ရထားသူများ၊ ခိုလှုံခွင့် လျှောက်ထားသူများနှင့် နိုင်ငံသားများ၏ လူဝင်မှုကြီးကြပ်ရေး အကျိုးခံစားခွင့် လျှောက်ထားလွှာများ ဆိုင်းထားခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

*ယခု ညွှန်ကြားချက်သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့ စတင်အသက်ဝင်ပြီး အပြောင်းအလဲရှိနိုင်ပါသည်။*

## ဘာတွေဖြစ်ပျက်နေသလဲ

- ၂၀၂၅ ခုနှစ် ဇွန်လတွင် သမ္မတ ထရမ့် အမိန့်အရ အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးအပေါ် အန္တရာယ်ရှိသည့် နိုင်ငံ ၁၉ နိုင်ငံမှ နိုင်ငံသားများကို အမေရိကန်ပြည်ထောင်စုကို ပြည်ဝင်ခွင့်ဗီဇာ တားမြစ်ပါသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် သူထပ်တိုးသည့် စာရင်းတွင် **ခရီးသွားလာခွင့် ပိတ်ပင်ထားသည့် နိုင်ငံ ၄၀** အထိ ရှိပါသည်။
- ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် USCIS ဆိုင်းငံ့လိုက်သည့် အမိန့်အရ (https://immpolicytracking.org/policies/uscis-orders-review-of-all-refugees-admitted-under-biden-administration/#/tab-policy-documents) ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ကြား ဝင်ရောက်လာသည့် **ဒုက္ခသည်များ၏ အမြဲတမ်းနေထိုင်ခွင့်အတွက် နေထိုင်ခွင့် ထိန်းညှိပြင်ဆင်တဲ့ (အစိမ်းရောင်ကဒ်) လျှောက်ထားမှုကို** ဆိုင်းထားပြီး ထိုကာလအတွင်း ဝင်လာသည့် ဒုက္ခသည်များကို **ပြန်သုံးသပ်ဖို့ နှင့် ထပ်မံအင်တာဗျူးလုပ်နိုင်ခြေ အမိန့်ထုတ်ပြန်ပါသည်။**
- ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် USCIS မှ ကြေညာချက် (https://www.uscis.gov/sites/default/files/document/policy-alerts/PM-602-0192-PendingApplicationsHighRiskCountries-20251202.pdf)
  - ☐ **မည်သည့်နိုင်ငံသားကိုမဆို နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားခြင်းကို ဆိုင်းငံ့ထားရန်**
  - ☐ **ခရီးသွားလာခွင့် မူလ ပိတ်ပင်ထားသော နိုင်ငံ ၁၉ နိုင်ငံမှ နိုင်ငံသားများအတွက် လူဝင်မှုကြီးကြပ်ရေး အကျိုးခံစားခွင့်များဖြစ်သော** နိုင်ငံသားပြုခြင်း၊ အမြဲတမ်းနေထိုင်ခွင့်အတွက် နေထိုင်ခွင့် ထိန်းညှိပြင်ဆင်တဲ့ (အစိမ်းရောင်ကဒ်) လျှောက်ထားခြင်း၊ အလုပ်လုပ်ခွင့်များ၊ ခရီးသွားခွင့် အထောက်အထားများ၊ မိသားစုခေါ်ယူရေး အသနားခံစာ (ဖောင် I-130 နှင့် I-730) အပါအဝင် လျှောက်ထားမှုများ ဆိုင်းငံ့ထားရန်၊ ချွင်းချက် အနည်းငယ်ဖြင့်သာ ခွင့်ပြုရန်နှင့်
  - ☐ ခရီးသွားလာခွင့်ပိတ်ပင်ထားသော နိုင်ငံများမှ နိုင်ငံသားများအတွက် **ယခင်က အတည်ပြုပြီးသား အကျိုးခံစားခွင့် လျှောက်လွှာများကို ပြန်လည်သုံးသပ်ရန်**
- ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အတွင် USCIS က ဆိုင်းငံ့သည့်အမိန့်ကို ထပ်တိုးချဲ့၍ (https://www.uscis.gov/sites/default/files/document/policy-alerts/PM-602-0194-PendingApplicationsAdditionalHighRiskCountries-20260101.pdf) **နောက်ထပ် ခရီးသွားလာခွင့် ပိတ်ပင်သည့်နိုင်ငံများမှ** နိုင်ငံသားများရနေသည့် အကျိုးခံစားခွင့်များကို ပြန်လည်သုံးသပ်ရန်အမိန့်ထုတ်ပြန်ပါသည်။

## ဒါက ဘာကိုဆိုလိုတာပါလဲ

- ဤမူဝါဒများကြောင့် ထိခိုက်သူများအနေနှင့် လျှောက်ထားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရပိုင်ခွင့်များ **ဆုံးဖြတ်ချက်ရရန် အကန့်အသတ်မရှိ နှောင့်နှေးကျန်ကြာနိုင်သည်ကို** မျှော်လင့်ထားသင့်သည်။
- လျှောက်ထားသူ၏ နိုင်ငံသားဖြစ်မှုသည် လုံခြုံရေးအရ အန္တရာယ်ရှိသည်ဟု USCIS မှ ယုံကြည်လျှင် တချို့ လျှောက်ထားမှုများ ငြင်းပယ်ခံရနိုင်ပါသည်။
- ယခင်က အကျိုးခံစားခွင့် အတည်ပြုပြီးသားများအပေါ် ပြန်လည်သုံးသပ်ခံရသူများ အနေနှင့် လျှောက်ထားမှုနှင့် ဆက်သွယ်ပြီး ထပ်မံ **အင်တာဗျူးလုပ်ခြင်းများနှင့် အရည်အချင်းပြည့်မီရန် နောက်ထပ် အထောက်အထား ထပ်မံတောင်းဆိုခြင်းများ** မျှော်လင့်ထားဖို့ လိုပါသည်။

- တချို့သူများ၏ အကျိုးခံစားခွင့် အဆင့်ကို **အဆုံးသတ်လိုက်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ**လုပ်နိုင်ပါသည်။ လူဝင်မှုကြီးကြပ်ရေး တရားရုံးတွင် ပြည်နှင်ဖို့အတွက် ဆက်လက်ဆောင်ရွက်ရန် လွှဲပြောင်းပေးတာမျိုးတွေ ဖြစ်လာနိုင်ပါသည်။

**လုပ်ဆောင်ချက်၊ မည်သည့်နိုင်ငံသားမဆို အားလုံး**

- **နိုင်ငံရေးခိုလှုံခွင့်** လျှောက်ထားသည့် လုပ်ငန်းစဉ်များ ဆိုင်းထားခြင်း (အင်တာဗျူးများ ဆက်လုပ်ကဆောင်းလုပ်နိုင်ပါသည်)
- **အမြဲတမ်းနေထိုင်ခွင့်အတွက် နေထိုင်ခွင့် ထိန်းညှိပြင်ဆင်တဲ့ (အစိမ်းရောင်ကဒ်)** လျှောက်ထားခြင်းများဆိုင်းငံ့ခြင်း (အင်တာဗျူးများ ဆက်လုပ်ကဆောင်းလုပ်နိုင်ပါသည်)
- **ယခင်က ဒုက္ခသည်အဆင့် အသိအမှတ်ပြုထားမှုများကို** ပြန်လည်သုံးသပ်ခြင်း

**လုပ်ဆောင်ချက်၊ သက်ရောက်သည့်* နိုင်ငံသားများ**

- **အကျိုးခံစားခွင့်ဆိုင်ရာ လျှောက်လွှာ လုပ်ငန်းစဉ်များ အားလုံး** ရပ်ဆိုင်း (ချွင်းချက်တွင်ပါဝင်သည်များမှာ အမြဲတမ်းနေထိုင်ခွင့် LPR ကဒ် ၏ I-90 အစားထိုးထုတ်ပေးခြင်း၊ နိုင်ငံသား၊ နိုင်ငံသားဖြစ်ခြင်း အထောက်အထား လက်မှတ် N-565 အစားထိုးထုတ်ပေးခြင်း၊ N-600 နိုင်ငံသားဖြစ်ကြောင်း အထောက်အထား လက်မှတ် လျှောက်လွှာနှင့် c (8) သတ်မှတ်ချက် နိုင်ငံသားခိုလှုံခွင့် ဆိုင်းငံ့ထားသူများအတွက် I-765 အလုပ်လုပ်ခွင့် ခွင့်ပြုချက်)
- **ယခင်က အတည်ပြုထားသော အကျိုးခံစားခွင့်များ** ပြန်သုံးသပ်ခြင်း

*သက်ရောက်မှုရှိသည့် နိုင်ငံသားများ

| | | |
|---|---|---|
| အာဖဂန်နစ္စတန် | ဂါဘွန် | တောင်ဆူဒန် |
| အန်ဂိုလာ | ဟေတီ | ဆူဒန် |
| အင်တီဂွာနှင့် ဘာဘူဒါ | အီရန် | ဆီးရီးယား |
| ဘန်နင်း | လာအို | တန်ဇန်းနီးယား |
| ဘာကီးနားဖာဆို | လစ်ဗျား | ဂန်ဘီယာ |
| မြန်မာ | မော်လဝီ | တွန်ဂို |
| ဘရွန်ဒီ | မာလီ | တွန်ဂါ |
| ချက် | မော်ရီတေးနီးယား | တပ်ခ်မန်နစ္စတန် |
| ကိုဒီဗွား | နိုက်ဂျာ | ဗင်နီဇွဲလား |
| ကျူးဘား | နိုက်ဂျီးယီးယား | ယီမင် |
| ဒိုမီနီးကား | ကွန်ဂိုသမ္မတနိုင်ငံ (ဘရာဇာဗီးလ်) | ဇန်ဘီးယား |
| အီကွေတောဂီနီ | ဆီနီဂေါ | ဇင်ဘာဘွေ |
| အီရီထရီးယား | ဆီရီယာ လီယွန်း | ပါလက်စတိုင်း အာဏာပိုင်များမှ ထုတ်ပေးသည့် အထောက်အထားနှင့် ခရီးသွားသူများ |
| | ဆိုမာလီယာ | |

**ကျွန်တော့်မှာ မေးစရာရှိနေပါတယ်၊ ဘယ်မှာအကူအညီရှာရမလဲ**

တကယ်လို့ ဒီမူဝါဒတွေက သင့်အပေါ် ထိခိုက်တယ်လို့ ယုံကြည်ပြီး သင်မလုပ်ရသေးဘူးဆိုရင် လူဝင်မှုကြီးကြပ်ရေး ဥပဒေအကျိုးဆောင်နဲ့ ဆွေးနွေး အကြံဉာဏ် ယူသင့်ပါတယ်။ အောက်ပါ လင့်ခ်မှာ အကူအညီတွေ ရှာနိုင်ပါတယ် https://www.immigrationadvocates.org/legaldirectory/ ဒါမှမဟုတ် ဒီမှာရှာနိုင်ပါတယ်။ https://ailalawyer.com/.